



# အာဟာရ

## ကုလသမဂ္ဂကမ္ဘာ့စားနပ်ရိက္ခာအစီအစဉ် (WFP- မြန်မာ)

**လက်ရှိအခြေအနေ**။ မြန်မာနိုင်ငံသည် အရှေ့တောင်အာရှတွင်အာဟာရချို့တဲ့မှုနှုန်းအမြင့်မားဆုံးနိုင်ငံများတွင် တစ်ခုအပါအဝင်ဖြစ်သည်။ ၂၀၀၉-၂၀၁၀ အုပ်စုလိုက် ဘက်စုံအညွှန်းကိန်းများပြုစုခြင်းစစ်တမ်းအရ ၃၅% သော အသက် ၅ နှစ်အောက် မြန်မာကလေးများသည် အသက်အရွယ်အလိုက်ရှိသင့်ရှိထိုက်သောအရပ် ရှိမနေကြောင်း (အရပ်ပုနေကြောင်း) တွေ့ရှိရပါသည်။ အဏုအာဟာရချို့တဲ့မှုမှာလည်း မြန်မာနိုင်ငံတွင်အဖြစ်များသောအာဟာရချို့တဲ့မှုတစ်ခုဖြစ်သည်။ ကိုယ်ဝန်ဆောင်စဉ်ကာလ၊ ကလေးငယ်အသက်၆လအတွင်းမိခင်နို့ချိုတိုက်ကျွေးစဉ်ကာလများနှင့် ကလေးငယ်၏ကြီးထွားဖွံ့ဖြိုးမှုတို့အတွက် အာဟာရလိုအပ်ချက်မြင့်မားမှုကြောင့် ကလေးငယ်နှင့် ကိုယ်ဝန်ဆောင်၊ နို့တိုက်မိခင်တို့သည် အာဟာရချို့တဲ့လွယ်သူများဖြစ်ကြသည်။ အာဟာရချို့တဲ့ရခြင်းအကြောင်းရင်းများတွင် အစားအစာလုံလောက်စွာစားသုံးမှုမရှိခြင်း၊ ရောဂါဖြစ်ပွားမှုများခြင်း၊ မိသားစုအစားအစာဖူလုံမှုမရှိခြင်း၊ မိခင်နှင့်ကလေးသူငယ် ပြုစုစောင့်ရှောက်နည်းမှန်ကန်မှုမရှိခြင်း၊ သန့်ရှင်းသော သောက်သုံးရေနှင့် အိမ်သာမရှိခြင်း၊ ကျန်းမာရေးစောင့်ရှောက်မှုအားနည်းခြင်းတို့ပါဝင်ပါသည်။ မြန်မာနိုင်ငံအနေဖြင့် အာဟာရနှင့်ပက်သက်ပြီး ထောင်စုနှစ်ရည်မှန်းချက်ကိုပြည့်မှီရန်ကြိုးပမ်းမှုတွင် ကြီးမားသောစိန်ခေါ်မှုများနှင့်ရင်ဆိုင်ကြုံတွေ့နေရဆဲဖြစ်သည်။ ထို့ကြောင့်အာဟာရဆိုင်ရာလုပ်ဆောင်ချက်များနှင့်ရင်းနှီးမြှုပ်နှံမှုတို့တွင်အရှိန်အဟုန်မြှင့်တင်ရန် အလွန်အရေးကြီးပါသည်။

**တုန့်ပြန်မှု**။ အာဟာရချို့တဲ့မှုတိုက်ဖျက်ရေးနှင့်အသက်ကယ်ဆယ်ရေးသည် W F P ၏ ဦးစားပေးလုပ်ငန်းစဉ်တစ်ရပ်ဖြစ်သည်။ လက်ရှိ (၃) နှစ်စီမံချက်တွင် WFP သည် မကွေး၊ ရခိုင်၊ ကချင်နှင့် ရှမ်းပြည်နယ်တို့တွင် အာဟာရချို့တဲ့မှုတိုက်ဖျက်ရေးလုပ်ငန်းများ ဆောင်ရွက်လျက်ရှိပြီး၊အမှန်တကယ်လိုအပ်သောအချိန်တွင်လိုအပ်သောအစားအစာကိုရရှိနိုင်ရန် ဆောင်ရွက်လျက်ရှိသည်။ မြန်မာနိုင်ငံတွင် W F P အနေဖြင့် အာဟာရချို့တဲ့မှုတိုက်ဖျက်ခြင်းဆိုင်ရာလုပ်ဆောင်ချက် (၃) မျိုးကို အဓိကထားလုပ်ဆောင်လျက်ရှိပါသည်။ ၁) (အလယ်အလတ်) လတ်တလော အာဟာရချို့တဲ့မှုကိုကုသခြင်း၊ (၂) လတ်တလော အာဟာရချို့တဲ့မှု(ပိန်လှီခြင်း)ကိုကာကွယ်ခြင်း၊ (၃) ရေရှည်အာဟာရချို့တဲ့မှု(အရပ်ပုခြင်း) ကိုကာကွယ်ခြင်း။အထူးသဖြင့် ကိုယ်ဝန်ဆောင်နှင့်နို့တိုက်မိခင်များ အာဟာရပြည့်ဝစေရန် Super Cereal - ဆန်၊ပဲပိစပ်၊ ဗီတာမင်သတ္တုဓာတ်များပါဝင်သောအာဟာရမှုန့် (သို့) ဆန်၊ပဲ၊ဆီ၊ဆားပါဝင်သောရိက္ခာများကို လစဉ်ထောက်ပံ့ပေးလျက်ရှိသည်။အသက် ၆ လမှ ၅နှစ်အတွင်းရှိ ကလေးငယ်များအတွက် ဂျုံ၊ပဲပိစပ်၊သကြား၊နို့မှုန့်၊ဆီ၊ဗီတာမင်နှင့် သတ္တုဓါတ်များပါဝင်သောအာဟာရမှုန့် - Super cereal plus ကို လစဉ်ပံ့ပိုးပေးလျက်ရှိပါသည်။ ၎င်းအာဟာရမှုန့်သည်ကလေးငယ်များခန္ဓာကိုယ်ကြီးထွားကာကျန်းမာဖျတ်လတ်ပြီး၊ ဉာဏ်ရည်ဖွံ့ဖြိုးစေရန်အတွက် နေ့စဉ်လိုအပ်သောအာဟာရများကိုဖြည့်ဆည်းပေးသည်။ ထို့ပြင် နိုင်ငံတွင်းပဋိပက္ခကြောင့် ထွက်ပြေးတိမ်းရှောင်နေရသူများ၊ ထိခိုက်နစ်နာလွယ်ပြီး ဆင်းရဲသောမိသားစုများနှင့် အိတ်ချ်အိုင်ဗီ၊ တီဘီရောဂါသည်များကိုလည်း အာဟာရချို့တဲ့မှုမှကာကွယ်ရန်လိုအပ်သောအာဟာရများကိုဖြည့်ဆည်းပေးလျက်ရှိပါသည်။

| အာဟာရစီမံကိန်းလျာထားချက် (၂၀၁၅) | | |
|---|---|---|
| အကျိုးခံစားခွင့်ဦးရေ | လိုအပ်ချက် (ဒေါ်လာ) | ရိက္ခာ (မက်ထရစ်တန်) |
| ၉၅၀၀၀ | ၈ သန်း | ၄၈၃၇ |

World Food Programme
wfp.org

ဖေဖော်ဝါရီ ၂၀၁၅

**ရင်းနှီးမြှုပ်နှံမှု**။ အာဟာရသည်ဖွံ့ဖြိုးရေးအတွက် အဓိကကျသောအခြေခံအချက်ဖြစ်ပါသည်။ သုတေသနတွေ့ရှိချက်များအရ ကိုယ်ဝန်ဆောင်နှင့်နို့တိုက်မိခင်များ၊ ကလေးငယ်များ၏ အာဟာရချို့တဲ့ခြင်းကိုပြုပြင်မြှင့်တင်ပေးနိုင်ပါက နောင်တချိန်တွင်နိုင်ငံ၏ဆင်းရဲ နွမ်းပါးမှုလျော့ချရေး၊ ကျန်းမာရေး၊ ကုန်ထုတ်လုပ်မှုနှင့် လိင်တန်းတူညီရေးတို့အတွက် များစွာအထောက်အကူဖြစ်စေပါသည်။ အာဟာရချို့တဲ့မှုနှင့် ဆင်းရဲနွမ်းပါးမှုမှာ ဆက်စပ်နေပြီး၊ အာဟာရကိုမြှင့်တင်ပေးခြင်းဖြင့် ဘဝတလျှောက်လုံးကြုံတွေ့နိုင်သည့် ဆင်းရဲနွမ်းပါးမှုကို လျော့ကျသွားစေနိုင်ပါသည်။ မြန်မာနိုင်ငံရှိကလေးသူငယ်များဖျားနာခြင်းနှင့်သေဆုံးခြင်းတို့တွင်အာဟာရချို့တဲ့မှုမှာအကြောင်းရင်းတစ်ရပ်ဖြစ်သည်။သုတေသနတွေ့ရှိချက်အရအရပ်ပုခြင်းကိုကာကွယ်နိုင်ရန်အတွက် မိခင်ကိုယ်ဝန်ဆောင်ချိန် (၉လ) ရက်ပေါင်း ၂၇၀ နှင့် ကလေးအသက် ၂ နှစ်ပြည့်ချိန်ထိ ရက်ပေါင်း ၇၃၀၊ စုစုပေါင်းရက်ပေါင်း (၁၀၀၀)အတွင်း အာဟာရပြည့်ဝရန် အလွန်အရေးကြီးသည်။ စားနပ်ရိက္ခာမဖူလုံသောဒေသမှအမျိုးသမီးများ မီးဖွားခါနီးအချိန်(၃)လ နှင့် ကလေးမွေးဖွားပြီး (၆)လ နို့တိုက်နေစဉ်တွင် ၎င်းတို့ကိုစားနပ်ရိက္ခာပံ့ပိုးပေးခြင်းဖြင့် အာဟာရချို့တဲ့မှုကို ကာကွယ်ပေးနိုင်ပါသည်။ ပညာရေးအဆင့်အတန်းတိုးတက်ကောင်းမွန်စေရန်အတွက် အာဟာရပြည့်ဝမှုမှာ အလွန် အရေးကြီးပါသည်။ အာဟာရပြည့်ဝကျန်းမာသောကလေးငယ်များသည် ကျောင်းတွင်းပညာသင်ယူရာတွင် ပိုမိုထူးချွန်ပြီး၊ အဆင့်မြင့်အတန်းပညာကိုလည်းပြီးစီးအောင်မြင်နိုင်သည်။ထိုသို့ပညာရေးဘက်တွင်ထူးချွန်ခြင်းဖြင့် နောင်တချိန်တွင် ၎င်းတို့၏ကုန်ထုတ် နိုင်မှုတိုးတက်စေပြီး၊ အခြားသူများထက် ဝင်ငွေ ၄၆% ပိုမိုရရှိကာ နိုင်ငံ၏စီးပွားရေးဖွံ့ဖြိုး တိုးတက်မှုကိုလည်းအထောက်အကူဖြစ်စေပါသည်။ကလေးသူငယ်များအာဟာရပြည့်ဝစေရန်ရင်းနှီးမြှုပ်နှံခြင်းသည် ပြည်တွင်းထုတ်ကုန်တန်ဖိုး နှစ်စဉ် အနည်းဆုံး ၃% တိုးတက်စေကြောင်းခန့်မှန်းတွေ့ရှိရပါသည်။ အာဟာရချို့တဲ့မှုကြောင့် (မြန်မာနိုင်ငံအပါအဝင်) ဖွံ့ဖြိုးဆဲနိုင်ငံများတွင် ကုန်ထုတ်စွမ်းအားကို လျော့ကျစေသဖြင့် နိုင်ငံတော်၏ ငွေကြေးသန်းပေါင်းများစွာ ဆုံးရှုံးစေပါသည်။ အာဟာရကောင်းမွန်ပြီး၊ ပညာတတ်ခြင်းဖြင့် ဆယ်ကျော်သက်ရွယ်မိန်းကလေးငယ်များသည် အရွယ်ရောက်မှအိမ်ထောင်ပြုကာ သင့်တင်လျောက်ပတ်သောသားသမီးဦးရေရှိသည့်မိသားစုကို ပိုင်ဆိုင်နိုင်ပါမည်။ ထို့ကြောင့် အာဟာရပိုင်းတွင်ရင်းနှီးမြှုပ်နှံခြင်းသည် မှန်ကန်သောရင်းနှီးမြှုပ်နှံမှုဖြစ်သည့်အတွက်အမှန်တကယ်ပြုလုပ်ရန်လိုအပ်သောအရာဖြစ်သည်။ အလွန်ဆင်းရဲသောနိုင်ငံများတွင် အာဟာရပိုင်း၌ရင်းနှီးမြှုပ်နှံခြင်းသည် ရေရှည်အာဟာရချို့တဲ့မှုကိုလျော့ကျစေပြီး၊ တစ်ဒေါ်လာရင်းနှီးမြှုပ်နှံလျှင်၊ နောက်ပိုင်း၌ ဒေါ်လာ ၃၀ ခန့် ဝင်ငွေပိုမိုရရှိနိုင်ကြောင်း လေ့လာမှုများအရသိရှိရပါသည်။

| လစဉ်ရိက္ခာပမာဏ | | | |
|---|---|---|---|
| ရည်ညွှန်းအုပ်စု | ပိန်လှီမှုကုသခြင်း | ပိန်လှီမှုကာကွယ်ခြင်း | အရပ်ပုခြင်းကို ကာကွယ်ခြင်း |
| ကိုယ်ဝန်ဆောင်နှင့် နို့တိုက်မိခင် | ၂၀၀၀ | ၉၄၀၀ | ၆၀၀၀ |
| | လစဉ် Super Cereal - ၃.၈ ကီလို (သို့) - ဆန်(၅.၂၅)၊ပဲ (၁.၈)၊ဆီ(၀.၆)၊ဆား (၀.၁၅) စုစုပေါင်း ၇.၈ကီလို | | |
| ကလေး | ၅ နှစ်အောက် | ၆-၅၉ လ | ၆-၂၃ လ |
| | ၂၅၀၀၀ | ၂၈၆၀၀ | ၂၄၀၀၀ |
| | လစဉ် Super Cereal Plus - ၆ကီလို | လစဉ် Super Cereal Plus - ၃ ကီလို | လစဉ် Super Cereal Plus - ၃ ကီလို |



၂၀၁၄ခုနှစ်တွင် WFP- မြန်မာမှ ကိုယ်ဝန်ဆောင်နှင့်နို့တိုက်မိခင် ၁၈၀၂၇ ယောက် နှင့် အသက် ၆ လ မှ ၅ နှစ်အတွင်းရှိ ကလေးငယ် ၅၅၅၇၂ ယောက်အား အာဟာရရိက္ခာပံ့ပိုးနိုင်ခဲ့ပါသည်။


**ပူးပေါင်းဆောင်ရွက်မှု။** လူသားချင်းစာနာထောက်ထားသောလုပ်ငန်းများနှင့်ဖွံ့ဖြိုးရေးလုပ်ငန်းများကို ကမ္ဘာအနှံ့ကြီးမားကျယ်ပြန့်စွာလုပ်ဆောင်နေသော WFP သည် မိတ်ဖက်အဖွဲ့အစည်းများနှင့်ပူးပေါင်းကာ အာဟာရချို့တဲ့မှုတိုက်ဖျက်ရေးလုပ်ငန်းများတွင် အဓိကအခန်းကဏ္ဍမှပါဝင်ဆောင်ရွက်လျက်ရှိပါသည်။ စားနပ်ရိက္ခာဖူလုံမှုမရှိသောအိမ်ထောင်စုများတွင် အာဟာရပြည့်ဝသောအစားအစာများကို လုံလောက်စွာစားသုံးနိုင်ရန် ကူညီထောက်ပံ့ပေးခြင်းမှာ WFP ၏ အဓိကရည်မှန်းချက်ဖြစ်သည်။ လိုအပ်သောနေရာ၊ လိုအပ်သောအချိန်တွင် မှန်ကန်ပြည့်ဝသောအစားအစာ ရရှိစေရန်ဆောင်ရွက်ပေးခြင်းဖြစ်သည်။ ရည်မှန်းချက်ကိုအကောင်အထည်ဖော်ရန် WFP သည် အစိုးရအပါအဝင် ကဏ္ဍပေါင်းစုံမှမိတ်ဖက်အဖွဲ့အစည်းများနှင့် ပူးပေါင်းကာ အာဟာရချို့တဲ့ခြင်းကို ကာကွယ်၊ကုသပေးလျက်ရှိပါသည်။ ရိက္ခာပေးဝေခြင်းအပြင် အာဟာရနှင့်ပက်သက်သော အသိပညာ၊အမူအကျင့်များ တိုးတက်ပြောင်းလဲရေးလုပ်ငန်းများကို ပြည်တွင်းနှင့် နိုင်ငံတကာအစိုးရမဟုတ်သောအဖွဲ့အစည်း(၉)ဖွဲ့နှင့်အတူပူးပေါင်းဆောင်ရွက်လျက်ရှိသည်။ကနေဒါနှင့်ဆွစ်ဇလန်နိုင်ငံတို့၏ ကူညီထောက်ပံ့မှုဖြင့် မြန်မာနိုင်ငံတွင် ဤသို့သောအာဟာရလုပ်ငန်းစဉ်များကို ၂၀၁၄ ခုနှစ်အတွင်းဆောင်ရွက်နိုင်ခြင်းဖြစ်သည်။

အာဟာရပြည့်ဝရေးသည်တိုင်းပြည်၏အရေးကြီးသောအခန်းကဏ္ဍတစ်ခုအဖြစ်လက်ခံလာပြီး၊ မြန်မာနိုင်ငံသည်၂၀၁၃တွင် အာဟာရမြှင့်တင်ရေးလှုပ်ရှားမှု (SUN) အဖွဲ့ဝင်နိုင်ငံဖြစ်လာခဲ့သည်။ ၂၀၁၄ အောက်တိုဘာတွင် မြန်မာနိုင်ငံသည် ငတ်မွတ်ခေါင်းပါးမှုလုံးစုံပပျောက်ရေးစိန်ခေါ်မှု (Zero Hunger Challenge) ကို စတင်လက်ခံခဲ့သည်။ ကဏ္ဍ အသီးသီးမှ မိတ်ဖက်အဖွဲ့များပူးပေါင်းကာ အမျိုးသားအာဟာရမြှင့်တင်ရေးလှုပ်ရှားမှုလုပ်ငန်းများကို အင်တိုက်အားတိုက်အတူတကွရေရှည် အကောင်အထည်ဖော်ရန် ကတိပြုကြခြင်းဖြစ်သည်။

**ငတ်မွတ်ခေါင်းပါးမှုလုံးစုံပပျောက်ရေးစိန်ခေါ်မှု (Zero Hunger Challenge) ။** အဆိုပါစိန်ခေါ်မှုတွင်အနာဂတ်တွင်အာဟာရချို့တဲ့မှုကြောင့်ကလေးငယ်များအရပ်ပုနေခြင်းအလုံးစုံပပျောက်ရန်၊ လူတိုင်းအာဟာရပြည့်ဝသော အစားအစာများလုံလောက်စွာရရှိရန်၊ အသေးစားထုတ်လုပ်မှုလုပ်ငန်းများ တိုးတက်ဖွံ့ဖြိုးလာရန်နှင့် အစားအစာများ အလဟဿမဖြုန်းတီးရေးတို့ပါဝင်သည်။ WFP ၏ အမှုဆောင်ဒါရိုက်တာ အာသရင် ကာဆင်က အဆိုပါစိန်ခေါ်မှုကိုလက်ခံခဲ့ပြီး၊ WFP အနေဖြင့် ရည်မှန်းချက်သို့ရောက်ရှိရန်အတွက် ကြိုးပမ်းချက်များတွင် ပါဝင်ကူညီမည်ဖြစ်ကြောင်းကတိပြုခဲ့ပါသည်။ ၂၀၁၄ ဇန်နဝါရီ ၂၃ ရက်နေ့တွင် ဒါဗိုနိုင်ငံ၌ ကျင်းပသော WFP ကမ္ဘာ့ထိပ်သီးခေါင်းဆောင်များ၏ နှစ်စဉ်ညစာစားပွဲ၌အဆိုပါစိန်ခေါ်မှုကို လက်မှတ်ရေးထိုးခဲ့ပါသည်။ ထိုသို့လက်မှတ်ရေးထိုးခြင်းသည် WFP အနေဖြင့် ထိုစိန်ခေါ်မှုအောက်မှနေပြီး လူအများ၏အသက်မွေးဝမ်းကျောင်းနှင့် အာဟာရပိုမိုဖွံ့ဖြိုးတိုးတက်လာစေရန်ဆောင်ရွက်မည်ဖြစ်ကြောင်း ကတိကဝတ်ပြုခြင်းဖြစ်ပါသည်။

**ကမ္ဘာ့အာဟာရမြှင့်တင်ရေးလှုပ်ရှားမှု (Scaling Up Nutriition - SUN )။** ၂၀၁၀ခုနှစ်တွင် အာဟာရမြှင့်တင်ရေးလှုပ်ရှားမှုကို ကမ္ဘာတဝှမ်းတွင်စတင်ခဲ့ပြီး၊ အာဟာရချို့တဲ့မှုကို အရှိန်အဟုန်မြှင့် အတူတကွပူးပေါင်းကာကွယ်တိုက်ဖျက်ကြရန် နှိုးဆော်ခြင်းဖြစ်ပါသည်။ အာဟာရပြည့်ဝခြင်းသည် တိုင်းပြည်ဖွံ့ဖြိုးတိုးတက်ရေးအတွက် အရေးကြီးကြောင်း နှိုးဆော်ထားခြင်းဖြစ်ပြီး ယခုအခါ အဆိုပါလှုပ်ရှားမှုတွင် နိုင်ငံပေါင်း ၅၀ ကျော်ပူးပေါင်းဆောင်ရွက်လျက်ရှိသည်။ အာဟာရမြှင့်တင်ရေးလှုပ်ရှားမှုတွင် အဓိကပံ့ပိုးကူညီသူဖြစ်သော WFP သည် ၎င်း၏အာဟာရလုပ်ငန်းစဉ်များကို SUN နည်းဗျူဟာများနှင့်အညီ အကောင်အထည်ဖေါ်ဆောင်ရွက်လျက်ရှိသည်။ ၂၀၁၄ ဖေဖေါ်ဝါရီလတွင် ကျန်းမာရေးဝန်ကြီးဌာန၊ FAO, UNICEF, WHO နှင့် WFP တို့ပူးပေါင်းပြီး မြန်မာနိုင်ငံတွင်အာဟာရမြှင့်တင်ရေးလှုပ်ရှားမှု စတင်ခြင်းအခမ်းအနားကျင်းပခဲ့သည်။ အဆိုပါအခမ်းအနားသို့အစိုးရဝန်ကြီးဌာန ၁၄ ခု၊ ကုလသမဂ္ဂ နှင့် ဖွံ့ဖြိုးရေးအဖွဲ့အစည်းများ၊ လူမှုရေးအသင်းအဖွဲ့များ၊ ပုဂ္ဂလိကအဖွဲ့အစည်းများပါဝင်တက်ရောက်ခဲ့ကြပြီး အစားအစာနှင့်အာဟာရဆိုင်ရာ အမျိုးသားအဆင့်လုပ်ငန်းအစီအစဉ် (၂၀၁၁-၂၀၁၅) ကို အကောင်အထည်ဖေါ်နိုင်ရန်အတွက် ဦးစားပေးဆောင်ရွက်ရမည့်လုပ်ငန်းစဉ်များ၊ တာဝန်ယူဆောင်ရွက်မည့်အဖွဲ့အစည်း နှင့် လုပ်ငန်းဆောင်ရွက်ရမည့်အချိန်ကာလများကိုဆွေးနွေး သဘောတူညီမှုရရှိခဲ့ပါသည်။

**ရှေ့ဆက်မည့်ခရီး။** လတ်တလောအာဟာရချို့တဲ့မှု ကုသကာကွယ်ရေးလမ်းညွှန် (Integrated management of acute malnutrition guideline) ပြင်ဆင်ရေးဆွဲရာတွင် ကျန်းမာရေးဝန်ကြီးဌာန၊ (အာဟာရဌာန)အား WFP အနေဖြင့် နည်းပညာပိုင်းဆိုင်ရာကူညီပံ့ပိုးမှုများ ပြုလုပ်ပေးလျက်ရှိသည်။ ထို့ပြင် နိုင်ငံတကာအစိုးရမဟုတ်သောအဖွဲ့အစည်းတစ်ခုဖြစ်သည့် PATH နှင့်ပူးပေါင်း၍ အာဟာရဖြည့်တင်းဆန် (fortified rice) မိတ်ဆက်ခြင်း အခမ်းအနားအတွက် မြန်မာအစိုးရအား အကူအညီပေးနိုင်ရန် ပြင်ဆင်လျက်ရှိပါသည်။ WFP သည် REACH (Renewed Efforts Against Child Hunger and Undernutrition) ဟုခေါ်သော ကလေးသူငယ်များငတ်မွတ်ခေါင်းပါးမှုနှင့် အာဟာရချို့တဲ့မှုကို ကာကွယ်ရန်အတွက် ထပ်မံအားဖြည့်ပေးခြင်းကိုဆောင်ရွက်နိုင်ရန် ကြိုးပမ်းလျက်ရှိပါသည်။ REACH သည် အာဟာရချို့တဲ့ခြင်းကို တိုက်ဖျက်ရန်အတွက် ကဏ္ဍအသီးသီးမှ လုပ်ငန်းဆောင်ရွက်သူများကို တညီတညွတ်တည်း အတူတကွပူးပေါင်းဆောင်ရွက်နိုင်ရန် ချိတ်ဆက်ညှိနှိုင်း မိတ်ဖက်ပေးမည် ဖြစ်သည်။




Myanmar Multiple Indicator Cluster Survey http://www.unicef.org/myanmar/MICS_Myanmar_Report_2009-10.pdf

Lancet series on Maternal and Child Nutrition http://www.thelancet.com/series/maternal-and-child-nutrition

2012 Copenhagen Consensus Expert Panel http://www.copenhagenconsensus.com/sites/default/files/outcome_document_updated_1105.pdf

http://www.wfp.org/news/news-release/global-leaders-business-and-civil-society-sign-zero-hunger-challeng-davos

မိတ်ဖက်အဖွဲ့အစည်းများ